
သော်တာအေးလဲ့
လရိပ်ပိုးမျှင်

အမည်ရင်း - အေးလဲ့ထွန်း

- ၁၉၈၄ ခုနှစ်တွင် မန္တလေးမြို့တွင် မွေးဖွားခဲ့။

- ၂၀၀၅ ခုနှစ်တွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပြင်သစ်ဘာသာ အဓိကဖြင့် ဘီအေဘွဲ့ ရခဲ့။

- ၂၀၀၆ မှ ၂၀၀၈ ခုနှစ် အထိ မြန်မာတိုင်းမ်ဂျာနယ်တွင် သတင်းထောက် အဖြစ် လုပ်ကိုင်ခဲ့။

- ၂၀၀၈ မှ ၂၀၁၂ ခုနှစ် အထိ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ နှင့် နိုင်ငံတကာ လူမှုကူညီရေး အဖွဲ့အစည်းများ တွင် သတင်းနှင့် ပြန်ကြားရေး တာဝန်ခံအဖြစ် ထမ်းဆောင်ခဲ့။။

- ၂၀၁၂ ၂၀၁၃ ခုနှစ်အထိ Enlightened Myanmar Research Foundation ၏ သုတေသနများ တွင် သုတေသနမှူးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့။

- ၂၀၁၃ မှ ၂၀၁၅ ခုနှစ်အထိ ဩစတြေးလျနိုင်ငံ University of Queensland တွင် ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဘွဲ့ (Master of Development Practice) တက်ရောက်ခဲ့။

- ၂၀၁၅ မှ ၂၀၁၆ ခုနှစ်အထိ နယ်သာလန်နိုင်ငံ International Institute of Social Studies (ISS) တွင် ဂျဲန်ဒါ၊ လူ့အခွင့်အရေးနှင့် ပဋိပက္ခလေ့လာရေးဆိုင်ရာ မဟာဘွဲ့ (Master of Gender Human Rights and Conflict Studies) တက်ရောက်ခဲ့။

- လက်ရှိအချိန်တွင် လူမှုဘဝ ဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနများ လုပ်ကိုင်လျက်ရှိ။

- "မျက်ရှု"၊ "သော်တာသစ်" ကလောင်အမည်များ ဖြင့် ဆောင်းပါးများ ၊ ဝတ္ထုတိုများ ရေးသားလျက်ရှိ။

- "လရိပ်ပိုးမျှင်"သည် "သော်တာအေးလဲ့" ကလောင်အမည်ဖြင့်

ပထမဆုံးရေးသားသော ဝတ္ထုရှည်ဖြစ်။

- ဆက်သွယ်ရန် - ayeleitun@gmail.com

*****

## တွယ်ငြိနိုင်စွမ်းလှပါပေသော "လရိပ်ပိုးမျှင်"

ရှယ်လီ၊ မြမြမောင်းနှင့် ကိုနောင်မြဲတို့ ရက်ရှယ်ဖွဲ့သီအပ်သော ဖြစ်စဉ်တစ်ခုလုံး နာဂစ်အလွန်ကာလ နောက်ခံဖြင့် ကျွန်မရင်ထဲမှာ သိမ်းကြုံနေရာယူ ထားခဲ့သည် မှာ ကြာပြီ။

ပျိုမျစ် နုနယ်သူကလေး တစ်ယောက်၏ ချစ်ရေးချစ်ရာ လွဲချော်မှုတွေကို ပကတိ သဘာဝအတိုင်း မျှယူခံစားရသည် ကို အဦးဆုံး ဝန်ခံရပါမည်။

သို့သော် ပုံရိပ်ရှင် "ရှယ်လီ"ဆိုသော မိန်းကလေးမှာ "သာမန်" မဟုတ်သည် ကိုလည်း တစ်ပြိုင်နက် နားလည် လိုက်ရသည် ။ မိဘရင်ခွင်ရိပ်မှ ထွက်ပြီး သူ့ခြေထောက်ပေါ် သူရပ်ကာ လောကခံ ရှစ်ပါးကို သူ့စိတ်တိုင်းကျ စိန်ခေါ်နေသူ။

နာဂစ်အလွန်ကာလ ပြန်လည်ထူထောင်ရေး စီမံကိန်း၏ အစိတ်အပိုင်း တစ်ခုတွင် ပါဝင်လှုပ်ရှားနေသူ။

ရပ်ရွာ ဖွံ့ဖြိုးရေး လုပ်သားဟု ဘာသာပြန်ထားသော (Community Worker) လုပ်ငန်းတာဝန်ဖြင့် ထက်သန် တက်ကြွလျက်ရှိသူ။

ကျွန်မလို စာဖတ်သူအဖို့ လေးလံ ဖိစီးဖွယ်သော လုပ်ငန်းအတွေ့အကြုံများကို "ရှယ်လီ" ဆိုသော မိန်းမငယ်ကလေးက ရိုးရှင်းပေါ့ပါးစွာ ရင်ဆိုင်နိုင်စွမ်းသည် ။ ဖြူစင်ဖြောင့်ရှင်းသော ပျိုရွယ်သူတို့ ၏ အံ့မခန်း

စိတ်ဓာတ်ခွန်အားကို မလေးစားပဲ မနေနိုင်တော့။

အစိုးရ မဟုတ်သော လူမှုအဖွဲ့အစည်းတွေ ဘာတွေ လုပ်နေကြသလဲ ဟု သိလိုစိတ်ကို အတော်ကြီး နားလည်ခွင့် ရလိုက်ပါသည် ။ ရှယ်လီနှင့်အတူ လိုက်ပါစီးမျော..

သူပြောသလို "ကိုယ်အရှိန်နှင့် ကိုယ်စီးဆင်းနေသည့် ချောင်းငယ်ကလေးများ "နှင့် အတူပါ။

ရှယ်လီ နှလုံးသား အလှူပ်အခတ်မှာ ကျွန်မတို့ ငယ်ဘဝကို ကိုယ်တိုင် မသိလိုက်ပဲ ပြန်ရောက် သွားသလိုရှိသည် ။

မေ့လျော့ချန်ရစ်သော ငယ်ဘဝ ပုံရိပ်များ ။

တန်ဖိုးထားအပ်သော အတိတ်များ ။

ပျိုရွယ်သူတို့ ၏ ဖြူစင်သော နှလုံးသား၊ ဖြောင့်ရှင်းသော အတွေးအယူတို့ မှာ ချစ်ရေးချစ်ရာ ဝန်းကျင် နံ့ရံဖြင့် တဒိုင်းဒိုင်း တိုးတိုက်ထိုးဆောင့်လေ့ ရှိတတ်ပါသည် ။

နာဂစ်မှ အစပြု၍ ကွဲကြေ ပြိုပျက်သွားသော လူမှုဒုက္ခနယ်ပယ်တွင် ပြန်လည်ထူထောင်ရေး အခန်းကဏ္ဍ တစ်ခုမှာ ထဲထဲဝင်ဝင် ပါရှိခဲ့သော ရှယ်လီ။

ပေးဆပ်ကြောင်း၊ စွန့်လွှတ်ကြောင်း၊ စွန့်စားကြောင်း တစ်ခွန်း တပါဒ မျှမဆိုဘဲ၊ ဦးနှောက်ရော နှလုံးသားပါ ပေါင်းထည့်ပြီး အားသွန်ခွန်စိုက် ပါဝင်နေကြသော ရှယ်လီတို့လို လူငယ်များကို ကျွန်မတို့ သိဖို့ အတော်လို ပါသေးသည် ။

တော်လှန်ရေး စကားသံများ တိတ်ဆိတ်၍ ထူထောင်ရေး လုပ်ငန်းများ ထွန်းကားပါစေ သတည်း။

‘သော်တာအေးလဲ့"၏ "လရိပ်ပိုးမျှင်" က မျိုးဆက်တူ လူငယ်တို့ ၏ ဖြူဖြောင့်သော နှလုံးသား တက်ကြွထက်သန်သော စိတ်ခွန်အားတို့ ကို ဆွဲယူရစ်ဖွဲ့ နိုင်ပါစေသတည်း။

ထို…ထိုသော လူငယ်များ ခွန်အားဖြင့် လူစဉ်မမီသော လူတန်းစေ့သော အနာဂတ်များ ခိုင်မာကြစေ ကုန်သတည်း။

**လေးစားချစ်ခင်စွာ**

**စမ်းစမ်းနွဲ့ သာယာဝတီ**

***